ကျွဲသရွတ်ကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၂)



ပြုစုရေး

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲသရွတ်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မေလ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ကျားသရွတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** **၁၈**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** **၂၀**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** **၂၁**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** **၂၂**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** **၂၈**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** **၂၉**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့ အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** **၃၀**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

## (၁) လူမှုစီးပွားရေး အခြေအနေ


ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စု များ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေ အနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ


## (၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ


ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇	ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈	ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉	သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀	မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁	ကျောင်းတက်နှုန်း
ဇယား ၃၂	စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃	ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄	အဖြစ်များသော ရောဂါများ
ဇယား ၃၅	လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆	ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇	သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈	အိမ်သာ အမျိုးအစား
ဇယား ၃၉	ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀	ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁	ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂	ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃	သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄	လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅	ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇	ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈	မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၇၁**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၃**

**ကိုးကားစာရင်း ၇၇**

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် | |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့

၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၎င်းနှင့်ဆိုင်သော အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မေလ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျားသရွတ်ကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

## ကျားသရွတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကန်ကြီးထောင့်မြို့နယ်အတွင်း ကံကုန်း-မြောင်းမြလမ်းခွဲမှ မော်တော်ဆိုင်ကယ်ဖြင့် နာရီဝက်ခန့်စီးရပြီး သွားလာရလွယ်ကူပါသည်။ နွေအခါတွင် သွားလာရလွယ်ကူသော်လည်း မိုးတွင်းကာလများတွင် လမ်းများပျက်စီး၍ သွားလာရခက်ခဲပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏ မိုးရာသီတွင် မိုးရေချိန်လုံလောက်စွာရရှိပြီး နွေရာသီတွင် ချောင်း/ မြောင်းများရှိသဖြင့် စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာရရှိပါသည်။ ကျေးရွာ၏လယ်ယာမြေများသည် နွေစပါး၊ မိုးစပါး နှစ်သီးစား စိုက်ပျိုးထုတ်လုပ်ရန်နှင့် မွေးမြူရေးအသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ဆောင်ရန်အတွက် အဓိကအားထားရပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ တစ်စိတ်တစ်ဒေသတွင် တည်ရှိ၍ စိုက်ပျိုးမြေဧကအတွက် ချောင်းမြောင်းများမှ ရေတင်၍အသုံးပြုရပါသည်။ ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေ စိုက်ပျိုးဧက (၂၆၁.၉၇) ဧကခန့်ရှိပြီး နွေစပါးနှင့် ဆောင်းစပါးကို အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ နွားစာအတွက်

မြက်များကို လယ်ကန်သင်းများနှင့် မြောင်းကမ်းပါးမှ အလွယ်တကူရရှိနိုင်သည်။ စားကျက်မြေ သီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသော အပင်များသာရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၄၇) စုနှင့် ကျား (၁၁၄)၊ မ(၁၀၁) ဦးဖြင့် လူဦးရေပေါင်း(၂၁၅) ဦး ရှိ ကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၆) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦး ထက် အနည်းငယ်လျော့နည်းသည်။ ကျေးရွာတွင် ဗမာနှင့်ကရင်လူမျိုးများနေထိုင်ကြပြီး အလုပ် လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၄.၉ % ရှိပြီး အမျိုးသားများမှာ အမျိုး သမီးအရေအတွက်ထက် ၆% ပိုများသဖြင့် အလုပ်လုပ်နိုင်အားကောင်းပါသည်။ ထို့ကြောင့် အလုပ် အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံး ချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင် စုအားလုံး၏ ၄၉% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၂၅.၅% သည် ချမ်းသာသည့်အဆင့်၊ ၂၅.၅ % သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ် ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု အနည်းအကျဉ်းရှိသော်လည်း လက်လှမ်းမီမှု၊ လယ် ယာသုံး စက်ကိရိယာများပိုင်ဆိုင်ထားမှု၊ ရေအလုံအလောက်ဖြင့် စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်ပါသည်။ ချမ်းသာသော အိမ်ထောင် စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ အရောင်းအဝယ် စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများ ပါဝင် သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၅၃%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ စသည်တို့တွင်လည်းလုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% သော အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှုအရ ယင်းတို့အားလုံးမှာ ၁လ မှ ၃လ ကြာ နပ်မှန်သော်လည်း ကျန်ကာလများတွင် ချေးယူ၍လည်းကောင်း၊ လုပ်အားခကြိုတင်ယူ၍လည်းကောင်း စားသုံးကြရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀,၀၀၀/- ကျပ်မှ ၃၀၀,၀၀၀/- ကျပ်ထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို လယ်သမားကြီးများ/ လုပ်ငန်းရှင်များထံမှ ချေးငွေများကို ချေးယူကြရပါသည်။ ချေးငွေအသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေး ကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယ အနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ သက်ကြီးရွယ်အိုများသာရှိသော်လည်း မိသားစုစောင့်ရှောက်မှုရှိကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြပါသည်။ အမျိုးသမီးများ၊ လူငယ်၊ လူရွယ်နှင့် လူကြီးများမှာလည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြပါသည်။ ကျေးရွာသူ/ သားများအနေနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုမှာ ကျေးရွာမှ ၂ မိုင်ခန့်အကွာတွင် တည်ရှိသည့် လျှော်ကုန်းကျေးလက်ဆေးပေးခန်းနှင့် ၁၅ မိုင် အကွာတွင် မြို့နယ်ဆေးရုံတို့တည်ရှိပါသည်။ ပွင့်လင်းရာသီတွင် သွားလာရလွယ်ကူပြီး မိုးရာသီတွင် သွားလာရခတ်ခဲပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အတင့်မြင့်မားကြောင်းတွေ့ရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာတွင်းရှိ လူဦးရေ၏ ၃.၂% ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို မြင်းကဆိပ်အုပ်စုရှိ တမန်ချောင်ကျေးရွာ၊ အုန်းပင်ဆိပ်အုပ်စုရှိ တန်းလျားကြီးကျေးရွာ၊ ပေပင်ကျေးရွာတို့တွင် သင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းပညာရေးကို ကုလားကွင်းကျေးရွာတွင် တက်

ရောက်သင်ကြားနိုင်ပြီး တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှု အနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။

ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အသင့်အတင့်ရှိကြသည်။ အခြားလူမှုရေးအသင်းအဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းများမရှိသော်လည်း ကျေးရွာ၏ လူမှုရေး၊ သာရေး၊ နာရေးကိစ္စရပ်များအတွက် ကျေးရွာပြည်သူများမှ ဆောင်ရွက်ရပြီး လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်ကြပါသည်။

ပရဟိတအနေဖြင့်လည်း ကျေးရွာမှလူကြီးများက ဦးဆောင်၍ လူငယ်လူရွယ်များဖြင့် ဖွဲ့စည်းထားပြီး ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကို ဆောင်ရွက်ကြရသည်။

ကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သော်လည်း (၂၀၁၇-၂၀၁၈) ခု ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် ကန်ကြီးထောင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်နှင့် ပြည်သူပူးပေါင်းထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာကော်မတီများမှ မှန်ကန်သောဦးဆောင်မှုနှင့် ထိရောက်သောဆောင်ရွက်မှုတို့ကြောင့် အဖွဲ့စည်းတစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု သဘောတရားများ နားလည်မှု အားနည်းကြပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးမည်ဆိုပါက စီမံအုပ်ချုပ်မှုနည်းစနစ်များကိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးတစ်မျိုးကိုသာ အဓိကထားစိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာ ဂရုတ်ကို အိမ်တွင်းစားသုံးမှုဖူလုံစေရန် စိုက်ပျိုးကြသည်။ အချို့အိမ်ထောင်စုများသည် ဓနိတောနှင့် အုန်းတောစိုက်ခင်းများရှိသည်။ သီးညှပ်ဖြင့် ကွမ်းသီးပင်စိုက်ပျိုးလေ့ရှိကြသည်။ မိုးစပါးစိုက် လယ်မြေဧက (၂၆၁.၉၇) ဧက၊ ဥယျာဉ်ခြံမြေ (၂၀.၉)ဧက၊ ဓနိတော (၇.၁) ဧကရှိပြီး စပါးကို နွေ/ မိုး နှစ်ရာသီစလုံး စိုက်ပျိုးကြရပါသည်။ မိုးစပါး တစ်ဧကအထွက်နှုန်းမှာ စပါး (၅၅) တင်းထွက်ရှိပြီး၊ နွေစပါး တစ်ဧကအထွက်နှုန်းမှာ စပါး (၈၀) တင်းထွက်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုများရရှိပြီး စိုက်ပျိုးရေးကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးကြပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်တွင် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတက်ပြီး လုပ်အားခ ကုန်ကျစရိတ်မြင့်မားပါသည်။ သီးနှံစိုက်ခင်းများတွင် ယခုနှစ်အတွင်း ဖျက်ပိုးကျရောက်မှုများပိုမိုတွေ့ရပါသည်။ ဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်နှင့် ဆေးဝါးများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သောကူညီမှုများ ဆောင်ရွက်ပေးမှုအားနည်းပါသည်။ ကျေးရွာတွင်လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းပြီး ထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်ဈေး ၂၀၀၀၀/-ကျပ်ဝန်းကျင်ပေးကာ ငှားရမ်းကြရသည့်အတွက် လယ်ထွန်စက်ငှားရမ်းခ ဈေးနှုန်းမြင့်မားမှုကိုရင်ဆိုင်ရပါသည်။ ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၄၂.၆%) ဝန်းကျင်ရှိပြီး ဒေသဝက်မျိုးများဖြစ်ပါသည်။ ဒေသကြက် မွေးမြူသည့် အိမ်ထောင်စုသည် တစ်ရွာလုံး၏ (၈၃%) ခန့်သာရှိပြီး တစ်နိုင်တစ်ပိုင် မွေးမြူသည့် အိမ်ထောင်စုနှင့် မွေးမြူသည့်ကောင်ရေမှာလျော့နည်းလျှက်ရှိပါသည်။ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် မြေနေရာ အခတ်အခဲရှိသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်သောလုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်သမားများ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်း အမှုထမ်းများဖြစ်ကြပါသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုကိုလိုက်၍ လုပ်ငန်းအမျိုးအစားအလိုက် ကွဲပြားခြားနားမှုရှိပြီး ဝင်ငွေအနည်းနှင့် အများအလိုက်ရှိပါသည်။ ပန်းရံ/လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်ရက်ကို ၁၀၀၀၀/- ကျပ်ရရှိပါသည်။ စပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တို့တွင် အလုပ်သမားများ အလုပ်အကိုင်အသင့်အတင့်ရရှိပါသည်။ လုပ်အားခကို ကေအလိုက် တစ်ကေလျှင် ရိတ်သိမ်းခ ၃၂၀၀၀/- မှ ၄၀၀၀၀/- ကျပ်အထိ ၁ ကေကို အလုပ်သမား (၄) ဦး မှ (၅)ဦး ရှိပါသည်။ တစ်ကေ ကို (၁)ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်သောကြောင့် တစ်ရက် ၈၀၀၀/-ကျပ် မှ ၁၀၀၀၀/-အထိရရှိကြပါသည်။ လုပ်အားခရရှိမှုသည် အမျိုးသား/ အမျိုးသမီး မတူညီပါ။ အမျိုးသားများက လုပ်အားခပိုရကြပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများစွာရှိသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်အသင့်အတင့်ကောင်းမွန်ပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို တက်ရောက်နိုင်သော သင်တန်းများရှိပါသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်ညှပ် အလှပြင်၊ မုန့် လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ကျေးရွာသူ ကျေးရွာသားများအနေနှင့် တက်ရောက်ရန် အလှမ်းဝေးပါသည်။ လုပ်ငန်းခွင် ပညာအရည်အချင်းလည်း နိမ့်ကျခြင်းကြောင့် မြို့ပြများတွင် အလုပ်အကိုင်ရရှိမှုခက်ခဲပါသည်။

### (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါး၊ ရေတ်စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများနှစ်စဉ်လိုလိုပင်ဖြစ်ပွားတက်ပြီး စိုက်ပျိုးရေးလုပ်ငန်းကိုထိခိုက်ပါသည်။ ရေကြီးသည့်အချိန်သည် မိုးရာသီအလယ်ပိုင်းတွင်အဖြစ်များပြီး ထိုကာလတွင် စပါးစိုက်တောင်သူများမှာ လုပ်ငန်းများရပ်ဆိုင်းထားရပြီးလက်လုပ်လက်စားများမှာလဲ ဝင်ငွေပြတ်တောက်သည့်အချိန်ဖြစ်ပါသည်။ မိုးရေချိန်အလွန်များသောကာလများတွင် စပါးပင်များ ရေနစ်မြုပ်ဆုံးရှုံးရ၍ ပြန်လည်စိုက်ပျိုးရပါသဖြင့် ကုန်ကျစရိတ်များ ပြီး

ကြွေးတင်မှုများဖြစ်ပေါ်ပါသည်။ မုန်တိုင်းဝင်ရောက်မှုကြောင့် အချိန်အခါမဟုတ် မိုးရွာ သွန်းပြီး စိုက်ပျိုးရေးလုပ်ငန်းများထိခိုက်ပါသည်။

## (င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၆၅ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာသားများသည် ချေးငွေကို အဓိကအားဖြင့် စားနပ်ရိက္ခာ၊ ဝင်ငွေရ လုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက်မှာ များပြားပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ ငါးသိန်းထိရှိကြောင်းတွေ့ရှိရပါ သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို မိမိတို့ကျေးရွာမှ (၂) ဖာလုံခန့်အကွာ တမံချောင်းကျေးရွာ မူလတန်းကျောင်းနှင့် တန်းလျားကြီး မူလတန်းကျောင်းတို့တွင် တက်ရောက်ရပြီး၊ (၃) ဖာလုံအကွာ တွင် ပေပင်ကျေးရွာ မူလွန်ကျောင်းတွင်လည်းကောင်း၊ (၂) မိုင်ခန့်အကွာတွင် ကုလားကွင်း အထက် တန်းကျောင်းတို့တွင် ပညာသင်ကြားရပါသည်။ ကျေးရွာသူ/ ကျေးရွာသားအားလုံး၏ (၉၃.၉%) သည် အခြေခံရေးတက် ဖက်တက်ကြပါသည်။ မူလတန်းအောင်ချက်ရာခိုင်နှုန်းမှာလည်း မြင့်မားပါ သည်။ ကျောင်းတက်ရသော ကလေးများအနေနှင့် နွေရာသီတွင် ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်များ ကို အသုံးပြုကာသွားလာရပါသည်။ မိုးရာသီရောက်သောအခါ မြေသားလမ်းဖြစ်သောကြောင့် သွား ရေး/ လာရေး ခတ်ခဲပါသောကြောင့် ခြေလျင်၊ လှေနှင့် စက်လှေတို့အသုံးပြုသွားလာကြရပါသည်။ မိုးရာသီတွင် ကျေးရွာရှိ ကျောင်းသူ/ ကျောင်းသားများနှင့် ကျေးရွာသူ/ ကျေးရွာသားတို့သည် ကျေးရွာချင်းဆက်လမ်း မကောင်းသောကြောင့် မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးလိုကြောင်း လိုလားပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ ၂ မိုင်ခန့်ဝေးသည့် လျှော်ကုန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၊ ၁၅ မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့နယ်ဆေးရုံ သို့ မိုးတွင်းအခါတွင် ရေလမ်း စက်လှေဖြင့် ပုသိမ်-မြောင်းမြလမ်းသို့ (၁)နာရီခန့်သွားပြီး၊ ပုသိမ်- မြောင်းမြကားလမ်းမှ (၄၅) မိနစ်ခန့် သွားရောက်ကုသနိုင်ကြသည်။ ဆေးဆိုင်များမှာ ပုသိမ်မြို့တွင် သာတည်ရှိသောကြောင့် အလွယ်တကူဝယ်ယူ၍ မရနိုင်ပါ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိ

သောကြောင့် ကျေးလက်ဆေးပေးခန်းတည်ဆောက်၍ ကျေးလက်ကျန်းမာရေးမှူးချထားပေးရန် လိုလားပါသည်။

သောက်ရေအတွက် မိုးရေလှောင်ကန်ကိုသာ အသုံးပြုကြပြီး မိုးတွင်း၌ မိုးရေကိုအိမ်တိုင်း ခံယူ၍ သောက်သုံးကြပြီး နွေရာသီတွင် ရေကန်မှရေကို သောက်သုံးလျက်ရှိသော်လည်း ကန်ဘောင် နိမ့်၍ လယ်ယာမြေများနှင့် ဆက်စပ်လျက်ရှိသောကြောင့် လယ်များရေတင်ရာတွင် ကန်အတွင်းသို့ ဝင်ရောက်သောကြောင့် သောက်သုံးရေအတွက်အခက်အခဲရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါး သည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ဇယ်တောက်ခုံ၊ ဘော်လီဘောကွင်းနှင့် ပိုက်ကျော်ခြင်းကွင်းများရှိသည်။ လူငယ်များသည်ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကများဖြင့် ဖျော်ဖြေမှုတွင်လည်းပါဝင်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်မူ မြောင်းတူး၊ ရေတွင်းဖော်၊ လမ်းဖောက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်လမ်းအရှည်ပေ ၂၂၅၀' ရှိသော်လည်း ကန်ကြီးထောင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် (၂၀၁၇-၂၀၁၈) ခုနှစ်တွင် (၁၃၀၅) ပေအား ကွန်ကရစ်ဖြင့် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသည်။ ၁၃၀၅'မှာ ၂၀၁၈ ခု ဖေဖော်ဝါရီလတွင်း ခင်းနိုင်ကြောင်း ကျန်ရှိနေသည့်အပိုင်းကို ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ခင်းနိုင်ရန် ကျေးရွာ မှလိုလားပါသည်။ ရွာချင်းဆက်လမ်းများမှာလဲ မြေသားလမ်းများ၊ ဂဝံလမ်းများဖြစ်သည့်အတွက် မိုးရာသီတွင်သွားလာရန်ခတ်ခဲကြရပါသည်။ ရွာချင်းဆက်လမ်းများကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးစေလိုပါသည်။ မိုးရာသီတွင် ရေလမ်းခရီးကို အဓိကထား သွားလာရပါသည်။ ဆက်သွယ်သွားလာရေးအတွက် လှေ(၇)စီး၊ စက်လှေ (၅)စီး၊ စက်ဘီး(၁၀)စီး၊ မော်တော်ဆိုင်ကယ် (၁၉) စီးနှင့် ကား (၁) စီးရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရှိပါ။ အိမ်သုံးဆိုလာနှင့် ဘတ်ထရီကိုသာအသုံးပြုကြရပါသည်။ ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်တို့ကိုသာ အသုံးပြုကြသူများလည်းရှိပါသည်။ ကျေးရွာအတွင်း မိုဘိုင်းဖုန်းဆက်သွယ်ရေးစျေးကွက်နှင့် အခြားဝန်ဆောင်မှုများအတွက် လက်လှမ်းမီပါသည်။

အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိသေးသော်လည်း ဖတ်စာအုပ်များရှိသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ကြပါသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်း အသုံးပြုသူမရှိသလောက်ပင်ဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကျိုက်လတ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျားသရွတ်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းကြီးပေါ်ရှိ ကံကုန်း-မြောင်းမြလမ်းအတိုင်း (၁) မိုင်ခန့်သွားပြီး ခရောင်းကွင်းကျေးရွာနှင့် ပေပင်ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိပါသည်။ နွေအခါတွင် သွားလာရလွယ်ကူသော်လည်း မိုးတွင်းအခါတွင် လမ်းများပျက်စီးသဖြင့် သွားလာရအနည်းငယ်ခက်ခဲပါသည်။ ကျေးရွာချင်းဆက်လမ်းများအား ကျောက်ချောလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြင့် အဆင့်မြှင့်တင်ပေးမည်ဆိုပါက တစ်နှစ်ပတ်လုံး သွားလာနိုင်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျားသရွတ်ကျေးရွာနှင့်အနီးဆုံးဈေးမှာ ကံကုန်း၊ တကုန်းကြီးဈေးဖြစ်ပါသည်။ ရွှေထည်မှလွဲ၍ ပစ္စည်းစုံလင်စွာရရှိနိုင်ပေသည်။ အရေးပေါ်လိုအပ်ပါက ကန်ကြီးထောင့်မြို့၊ ဒါးကမြို့၊ ပုသိမ်မြို့မဈေးသို့ အလွယ်တကူသွားရောက် ဝယ်ယူရရှိနိုင်ပေသည်။

ကျေးရွာတွင် လူဦးရေအားလုံး၏ ၇၄.၉% သည်အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိကြပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်ပညာပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးထောက်ပံ့ပစ္စည်းများနှင့် ဝန်ဆောင်မှုများလည်း အလွယ်တကူလက်လှမ်းမီပါသည်။ ကျေးရွာသားများအနေနှင့် အရေးကြီးသော ဆေးကုသမှုများကိုလည်း ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် ပုသိမ်ဆေးရုံကြီးသို့ သွားရောက်ကုသကြရသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်ပါသည်။ စပါး၊ ငရုတ်၊ ပြောင်းနှင့် ကွမ်းသီးပင်တို့ကို စိုက်ပျိုးကြရသည်။ မိုးရာသီတွင် မိုးရေ၊ နွေရာသီတွင် ချောင်းရေ၊ မြစ်ရေတို့ကိုအသုံးပြုကြရပါသည်။ မြေဆီမြေသြဇာကောင်းမွန်မှုကြောင့် ပေါ်ဆန်းမွှေးမှာ အလွန်နာမည်ကြီးလှပါသည်။ ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပါသည်။ တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုချောမွေ့စေပါသည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ အားနည်းသော်လည်း ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝတွင် ကျေးရွာရှိ လူငယ်များမှာ လိုအပ်လျှင် လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ပုသိမ်အထည်ချုပ်စက်ရုံနှင့် စက်မှုဇုန်များတွင် သွားရောက်လုပ်ကိုင်နိုင်ကြသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြား တွေ့နေရပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ တစ်နှစ်ပတ်လုံး သွားလာနိုင်ခြင်းမရှိသောကြောင့် ကုန်စည်စီးဆင်းမှု၊ ကျန်းမာရေး၊ ပညာရေးများ နှောင့်နှေးကြန့်ကြာမှုများရှိပါသည်။ ကျေးရွာအခြေပြုအဖွဲ့အစည်းများ မရှိသော်လည်း လိုအပ်လာလျှင် ကျေးရွာသူ/ သားများ ပူးပေါင်းဆောင်ရွက်မှုများရှိပါသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရပါသည်။ ၂၀၁၆ ခုနှစ် ဆောင်းစပါးများတွင် တောင်သူများ၏ လယ်ယာအားလုံးနီးပါးထိခိုက်မှုရှိသည်။

ကျေးရွာတွင်မူလတန်းကျောင်းမရှိ၍ ကလေးများသည် အခြားကျေးရွာများသို့ ပညာသင်ကြားရပြီး အလယ်တန်းနှင့် အထက်တန်းပညာကို ကျေးရွာနှင့် (၂) မိုင်ခန့်အကွာ ကုလားကွင်းကျောင်းသို့ သွားရောက်ပညာသင်ကြားရသောကြောင့် သွားရေးလာရေးအခက်အခဲရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များနှင့် သာမန်ကိစ္စရပ်များတွင် ကံကုန်း၊ တကုန်းကြီးဆေးခန်းများ၊ ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးတို့တွင် သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှုများရှိတက်ပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များ အရက်သေစာ သောက်စားမှုလျော့နည်းပြီး တွေးခေါ်မြော်မြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

၁.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမို ရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထား ပေးမည်။

၁.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော် သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

၁.၃) ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် စာသင်ကျောင်းရရှိအောင်ဆောင်ရွက်သွားပါမည်။ စာသင်ကျောင်းသုံး ပရိဘောဂများရရှိအောင် ဆောင်ရွက်သွားပါသည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသ ဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် စံချိန်မီသော စာသင်ကျောင်းဆောင်နှင့် ကျောင်းသုံးပရိဘောဂများ၊ အားကစားကွင်းများ၊ အားကစားပစ္စည်းများအား သက်ဆိုင်ရာ အစိုးရ ဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့က တာဝန်ယူဆောင်ရွက် ပေးစေလိုပါသည်။

## (ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ ကောင်းမွန်မှုမရှိသော မြေသားလမ်းများ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံပိုးမှုနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများအား အဆင့်မြှင့်တင်ပြုပြင်ပေးစေလိုပါသည်။ ကျေးရွာချင်းဆက်လမ်း များကောင်းမွန်လာခြင်းဖြင့် တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းမှု မြန်ဆန်မည်ဖြစ်ပါသည်။ ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား လွန်စွာအထောက်အကူပြုပါသည်။

## (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများ စနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

ကျားသရွတ်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကောင်းမွန်ဖြစ်ထွန်းသော ကျေးရွာတစ်ရွာ ဖြစ်ပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးရရှိနိုင်သည်။ သို့သော် လယ်ယာလုပ်ငန်းတွင် လုပ်သားရှားပါးမှု နှင့် ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မီပြီးစီးရန် အနည်းငယ်အခက် တွေ့ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီဌာနတို့မှ လယ် ယာသုံးပစ္စည်းရောင်းသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသည်။ အရစ်ကျရောင်းချမှု ငှားရမ်းသုံးစွဲ နိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။

## (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ကျားသရွတ်ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းတို့ဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးစေလိုပါသည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှုဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့်ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုး

သက်ရောက်မှုဆိုင်ရာရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ကျားသရွတ်ကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | – ရွာတွင်းလမ်းအား မြေသားလမ်းမှ ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း။ ( ပေ ၂၂၅၀ အနက် ကျန်ရှိ နေသောလမ်းပိုင်း)<br>– ကျေးရွာချင်းဆက်လမ်းများအား ဆောင်ရွက်ပေးရန်။ | ကျေးလက် ဦးစီး/ လမ်းဦးစီး |
| | ၂။ သောက်သုံးရေ မလုံလောက် ခြင်း | ၆၇ | ၂ | – ကျေးလက်ဦးစီးဌာနမှ စက်ရေတွင်းတူးဖော်ပေးရန် (သို့) ကျေးရွာအတွင်း သောက်ရေကန်ပြုပြင်ခြင်း (၆၀'×၆၀')<br>– သုံးရေကန်တစ်ခု ဖော်ဆောင်ပေးရန် | ကျေးလက် ဦးစီး |
| *ကျန်းမာရေး* | | | | | |
| | ၃။ ကျေးရွာနေပြည်သူများ ကျန်း မာရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် | ၆၅ | ၃ | – ကျေးလက်ကျန်းမာရေးဆိုင်ရာ အဆောက်အဦ၊လိုအပ် သောဆေးဝါးများနှင့် ကျန်းမာရေးဝန်ထမ်းများချထား ပေးရန်။ ရာသီအလိုက်ရောဂါများ ကြိုတင်ကာကွယ်ရန် အသိ ပညာများ ပို့ချပေးရန်။<br>– ကျေးရွာအတွင်း ကျေးရွာသူ/သားများအား အမှိုက်ကင်း စင်ရေး အသိပညာပေးဟောပြောပို့ချပေးရန်။ | ကျန်းမာရေး ဦးစီးဌာန |
| *မီးလင်းရေး* | | | | | |
| | ၄။ ကျေးရွာမီးလင်းရေးဆောင် | ၈၄ | ၄ | – ကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းမှ | ကျေးလက်ဦး |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ရွက်ခြင်း | | | လှျပ်စစ်မီးသွယ်တန်းရန် (သို့) ဆိုလာမီးများ ချထားပေးရန် | စီး |
| ***လူငယ်ဖွံ့ဖြိုးရေး*** | | | | | |
| | ၅။ အားကစားဆိုင်ရာ အလေ့အကျင့်ကောင်းများ တိုးတက်ရေး | ၇၇ | ၅ | - ခြင်းလုံး၊ စစ်တုရင်၊ ဖူဆယ်၊ ကိုယ်ခံပညာပင်ပေါင်စသည်တို့ကို လူငယ်များ စုဖွဲ့ကစားနိုင်ရန် စီစဉ်ဖန်တီးပေးခြင်း | အားကစားဦးစီးဌာန |
| | လူငယ်ဖွံ့ဖြိုးရေး စာကြည့်တိုက် ဖော်ဆောင်ပေးရန် | | | – စာကြည့်တိုက်တည်ဆောက်ပေးရန်၊ စာအုပ်စာပေများ ချထားပေးရန် (သို့) စာဖတ်သူအစုဖွဲ့၍ တစ်ဦးတစ်အုပ် ကျဝယ်၍ လဲလှယ်ဖတ်ရှုပြီး ဆွေးနွေးသည့် အလေ့အထ ဖော်ဆောင်ပေးရန် | |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၆။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၇၂ | ၆ | - ဆားငံရေဝင်ရောက်မှုအား ထိန်းသိမ်း၍ ရေချိုရရှိနိုင်မည့် မြောင်းများ တူးဖော်ပေးရန်<br>- မျိုးကောင်း/မျိုးသန့် ရရှိရေး၊ အရေးကြီးသော သွင်းအားစုများရရှိရေးနှင့် စက်ကိရိယာများငှားရမ်းချိတ်ဆက်ပေးစေခြင်း | ဆည်မြောင်းဦးစီး (သို့) စိုက်ပျိုးရေးဦးစီးဌာန |
| ***ပညာရေး*** | | | | | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၇။ ကျောင်းသားဦးရေတိုးလာသောကြောင့်ကျောင်းဆောင်လိုအပ်ခြင်း | ၇၀ | ၇ | – ကျေးရွာနှင့်ကျေးရွာပြင်ပရှိကျေးရွာများမှ ကျောင်းသားဦးရေတိုးလာသောကြောင့် မူလတန်းကျောင်းချထားပေး၍ သင့်လျှော်သည့် ကျောင်းဆောင်တည်ဆောက်ပေးရန်။<br>– ပညာရေးဌာနမှ ဆရာ/ဆရာမ များ ကျေးရွာတွင်ထပ်မံချထားပေးရန်။ | အခြေခံ ပညာဦးစီး ဌာန |
| ***မွေးမြူရေး*** | | | | | |
| | ၈။ တိရိစ္ဆာန်ရောဂါကာကွယ်ရေးနှင့် မွေးမြူရေးနည်းပညာဝန်ဆောင်မှုပေးစေခြင်း | ၅၄ | ၈ | -မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍တိရိစ္ဆာန်ရောဂါကာကွယ်ရေး နည်းပညာများ ဝန်ဆောင်မှုပေးခြင်း | မွေး/ကု ဦးစီး |
| ***စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ*** | | | | | |
| | ၉။ အလုပ်အကိုင် အခွင့်အလမ်းများဖော်ဆောင်ပေးစေခြင်း | ၄၉ | ၉ | _ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးအသေးစား/အလက်စား စက်ရုံ/ အလုပ်ရုံများ ဖော်ဆောင်ပေးစေရေး<br>_ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ ပို့ချပေးရန် | ကျေးလက် ဦးစီး |
| ***ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း*** | | | | | |
| | ၁၀။ စီးပွားရေး၊ လူမှုရေးတို့အတွက် ဘဏ်များ၊ ငွေကြေး ဝန် | ၃၅ | ၁၀ | – စီးပွားရေး၊ လူမှုရေးနှင့် အရေးပေါ်ကိစ္စများအတွက် ငွေကြေးဝန်ဆောင်မှုများ ပံ့ပိုးပေးစေခြင်း | သမဝါယမ |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း၊ | | | | ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ ကျေးရွာသောက်သုံးရေအတွက် ဆောင်ရွက်ပေးခြင်း | ၂ | —— | | | | |
| ၃။ ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် ဆေးပေးခန်းတည်ဆောက်ပေးခြင်း | ၃ | | —— | | | |
| ၄။ ကျေးရွာနေပြည်သူများအတွက် ဆိုလာမီးလင်းရေး ဆောင်ရွက်ရန် | ၄ | | —— | | | |
| ၅။ ကျေးရွာအတွင်း စာကြည့်တိုက်ဆောင်ရွက်ပေးပါရန် | ၅ | | | —— | | |
| ၆။ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးပါရန် | ၆ | | | —— | | |
| ၇။ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်နှင့် နည်းပညာများ သင်ကြားပေးရန် | ၇ | | | | —— | |
| ၈။ ကျေးရွာအတွင်း စာသင်ကျောင်းဆောက်လုပ်ပေးပါရန် | ၈ | | | | —— | |
| ၉။မွေးမြူရေးနည်းပညာဝန်ဆောင်မှုပေးရန် | ၉ | | | | | —— |
| ၁၀။ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ငွေကြေးဝန်ဆောင်မှုပေးရန် | ၁၀ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၂ | ကျေးရွာသောက်သုံးရေအတွက်ဆောင်ရွက်ပေးခြင်း | | | √ | | |
| ၃ | ကျေးလက်နေပြည်သူများကျန်းမာရေးအတွက်ဆေးပေးခန်းတည်ဆောက်ပေးခြင်း | | | √ | | |
| ၄ | ကျေးရွာနေပြည်သူများအတွက်ဆိုလာ မီးလင်းရေး ဆောင်ရွက်ရန် | | | √ | | |
